# Team Viewer Portable




ဒီဆော့ဖ်ဲလေးက လူတိုင်းလိုလိုကိုသိပါတယ်။ Team Viewer လေ .. မသုံးဘူးသေးတဲ့ လူတွေ အတွက်
မစို့မပို့လေး ပြောပြပေးလိုက်ပါတယ်။
Free ပဲ .. ပိုကောင်းတာက Portable လေ(Run စရာလိုဘူးလို့ပြောတာ)

Team Viewer Portable




www.teamviewer.com ဒီမှာ အသုံးပြုနည်း E-Book ပါ။

သူက အင်တာနက်သာ ရှိရင် ကမ္ဘာတစ်ခုလုံးက ကွန်ပျူတာကို ကိုင်လို့ရတယ်။ ဟီဟီ
နည်းနည်းလွန်သွားပြီ ... ဒီလိုဗျ ဒီ software လေး သုံးပြီး ကွန်ပျူတာ တစ်လုံးကနေ တစ်လုံးကို
လှမ်းသုံးလို့ရတယ်။ တစ်ခုခု ပြဿနာတက်လို့ ဘာလုပ်ရမှန်းမသိတော့ရင် တစ်ယောက်ယောက်ကို
အကူအညီတောင်းတယ်ပေါ့ဗျာ .. ကိုထင်တာကိုပြော၊ သူလည်း မမြင်ရနဲ့ တော်တော်ကို ရှုပ်ပါတယ်။
အဲတော့ ဒါလေး သုံးပြီး သူ့ကိုသာ ဝင်လုပ်ခိုင်းလိုက် .. အေးရော ..

ကျနော်ပေးထားတာလေး ဒေါင်းပြီး တစ်ခုတည်းသော set up ဖိုင်လေးကို D-Click ပေးလိုက်တာနဲ့
အောက်မှာ ပြထားတဲ့ အတိုင်းပေါ်တယ်။




ဘယ်ဘက်မှာပေါ်နေတာက ကိုယ့် ရဲ့ ID နဲ့ Password ပါ။ ညာဘက်က အကွက်လွတ်က ဂင်ကြည့်ချင်တဲ့လူရဲ့ ID ထည့်ပေးရမှာပါ။ ကို့ ကွန်ပျူတာကို ပေးကြည့်မယ်ဆိုရင်တော့ ID နဲ့ Password ပေးလိုက်ယုံပဲပေါ့။ ကဲ ခင်ဗျား ဂင်ကြည့်ချင်တာ ဆိုရင်တော့ သူ့ရဲ့ ID ကိုတောင်း အပေါ်မှာ ပြထားတဲ့ အတိုင်း ID ထည့်ပြီး Connect to Partner ကိုနှိပ်။ အောက်က box ပေါ်လာပြီး password တောင်းမယ်။ သူ့ password တောင်းပြီး ထည့်လိုက်ရင် သူ့ကွန်ပျူတာကို ခင်ဗျား သုံးပြီး ကူညီလို့ ရပါပြီ။




မစို့မပို့ပဲ ရေးမှာ ဖြစ်လို့ ဒီလောက်နဲ့ပဲ တော်လိုက်ပါပြီ ... ကျန်တာတွေ ဆက် ကလီ လိုက်ရင် သိမှာပါ .. ကျေးဇူးတင်ပါ၏